
# ခင်နှင်းယု

## တစ်ထောင့်ငါးရာညဏ်အိပ်မက်များ



ဒုတိယအကြိမ်

mgyoe.com

# ခင်နှင်းယု

## တစ်ထောင့်ငါးရာည၏ အိပ်မက်များ

ပေဖူးလွှာမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်

ISBN 9789997117427
KHY27
9 789997 117427
1,500.00KS

mgyoe.com

mgyoe.com

တစ်ထောင့်ငါးရာည၏ အိပ်မက်များ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၈၈ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(ပေဖူးလွှာမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်၊ ၁၉၈၄ ခုနှစ်)
(၁၉၉၃၊ အားမာန်သစ်စာပေ၏ ပထမအကြိမ်မှ)

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်ထောင့်ငါးရာည၏ အိပ်မက်များ

ခင်နှင်းယု

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁)

မိုးပေါက်များ အရှိန်ပြင်းစွာ သွပ်ခေါင်မိုးကို ရိုက်ခတ်နေသည်။ မိုးထစ်ချုန်းလိုက်သည်ကလည်း ပြင်းထန်လှသည်။ သစ်ကိုင်းများသည် မှတ်သုံလေကြမ်းအောက်တွင် တဝေါဝေါ အော်မြည်နေကြသည်။ လျှပ်စီးပြက်လိုက်တိုင်း အခန်းထဲတွင် ဝင်းလက်သွားသည်။ သူကတော့ မျက်စိကို တအားမှိတ်ထားသည်။ ကြောက်၍မဟုတ် တိတ်ဆိတ်ငြိမ်သက်နေမည်ကိုသာ ကြောက်သည်။ ညဥ့်ဆိုသည်က အမှန်တော့ ချမ်းငြိမ်ရမည်။ အားလုံးပဲ နားကြရမည် မဟုတ်ပါလား။ သို့သော် ဝင်းပသောလရောင်အောက်တွင် ညဥ့်ငှက်မည်းလေးများ ပျံသန်းတတ်သည်။ ပြီးတော့ တချို့သောပန်းလေးများ ညဥ့်မှာပွင့်သည်။ တစ်ခါတစ်ရံ ညဥ့်၏အမှောင်ရိပ်သည် တိတ်တခိုးစိတ်များကိုလည်း နှိုးဆွတတ်သေးသည် မဟုတ်ပါလား။ ညဥ့်က မှောင်ရသည့်ကြားထဲ တိတ်ဆိတ်ငြိမ်သက်နေပါလျှင် ပို၍ဆိုးမည်။ ထို့ကြောင့် ယခုလို လေကအော်မြည်၍ မိုးက ထစ်ချုန်းနေသည်ကို သူ ပို၍သဘောကျသည်။ မျက်စိကိုတော့ သူ မဖွင့်ရဲသေး။

mgyoe.com

mgyoe.com



သို့သော် စိတ်က ငယ်တုန်းက ဝတ္ထုတွေကို သွား၍သတိရပြန်သည်။ သူတို့ငယ်တုန်းက ဝတ္ထုများတွင် မိုးကြိုးက ပစ်ပေးရသည်။ မြွေကြီးက လန့်အောင်လုပ်ရသည်။ ကြွက်ကိုမြင်၍ ကြောက်လန့်တကြား ထခုန်တော့မှ မိန်းကလေးက လဲကျ၍ ယောကျ်ားလေးက ပွေ့ယူရသည်။ ဤသို့နှင့် ဇာတ်လမ်းက စကြသည်။

ဘုရား... ဘုရား... သူကသာ ဆူညံနေခြင်းကို ကြိုက်သည်။ တစ်ဖက်က မိုးကြိုးပစ်သည်ကို လန့်၍ သူ့ကိုလာဖက်ပါမှ အမယ်လေး.. အမယ်လေး... သူ့နဖူးကို လာထိသောအတွေ့ကြောင့် သူ လန့်၍အော်မိသည်။

'အန်ကယ်... ကိုယ်တွေပူနေပါလား'

သူသည် ခေါင်းကိုခါယမ်း၍ မျက်လုံးကို ဖွင့်လိုက်သည်။ ခင်လှ မျက်နှာသည် သူ့မျက်နှာပေါ်တွင် အုပ်မိုးနေသည်။

'မပူပါဘူး၊ မပူပါဘူး'

သူသည် ကယောင်ကတမ်းလို အော်လိုက်၏။ အမှန်တော့ သူ သတိလွတ်အောင် မဖျားသေးပါ။ ကိုယ်ကတော့ နွေးနေသည်။ ပေါင်ရင်းက အနာက စူးစူးရှရှ တစ်ချက်တစ်ချက် ထိုးနာသည်။

ခင်လှသည် ကိုင်းညွတ်ကြည့်နေရာက ခါးကိုမဆန့်သေး။ ဟိုက်လွန်းသော အင်္ကျီလည်ဝိုင်းအောက်တွင် အသားမို့မို့ကို လျော့ရဲသော ဘရာစီယာထဲတွင် ဖျတ်ခနဲ မြင်လိုက်ရပြန်သည်။ သူ့ရင်ထဲတွင် လှုပ်ရှားသွားပြန်သည်။ မျက်လုံးကို ပြန်မှိတ်လိုက်၏။ အနာက သိပ်မနာဘဲ ယောင်၍ 'အား' ဟု အသံကျယ်ကြီးနှင့် အော်လိုက်မိသည်။

'အန်ကယ် ဘာဖြစ်လို့လဲဟင်'

'အနာက နာလို့ပါ'

'ခင်လှကြည့်မယ်လေ'

mgyoe.com

ခင်လှသည် သူ့ခြေသလုံးကို ခပ်ဖိဖိ ကိုင်လိုက်ပြန်သည်။

'မကြည့်နဲ့ မကြည့်နဲ့၊ ဦးဖိုးထွန်းတို့ ပြန်လာပြီလားလို့ အိမ်ရှေ့ကိုသာ သွားကြည့်စမ်း'

'မလာသေးပါဘူး အန်ကယ်ရဲ့၊ လာရင်လည်း အသိသာကြီး'

ခင်လှသည် ပြုံး၍ သူ့ကိုကြည့်ကာ ပြောသည်။ သူ့အပြုံးက ကြောက်စရာကြီး။ မျက်လုံးများက ရွှန်းလက်လွန်းလှသည်။

'အို... မိုးသံနဲ့ ဘယ်ကြားရမလဲ၊ သွား အိမ်ရှေ့ခန်းကသွားစောင့်'

သူသည် ငေါက်သလိုပင် အော်လိုက်ပြီး ခင်လှလက်အောက်မှ သူ့ခြေထောက်ကို ရုပ်လိုက်သည်။ ခင်လှသည် မထွက်ချင်ထွက်ချင်နှင့် အခန်းပြင်ဘက်ကို ထွက်သွား၏။

တော်ပါသေး၏၊ တော်ပါသေး၏။ သူသည် သက်ပြင်းချလိုက်မိသည်။ အမှန်တော့ အနာက မွေ့ရာစွန်းနှင့်ထိ၍ ပိုနာလာသည်။ ကိုယ်ပူကလည်း ပြင်းလာသည်။ ဦးဖိုးထွန်းတို့ လာခဲလှ၏။ ညဥ့်အမှောင်တွင် သူ့အိပ်ခန်းထဲမှာ ငယ်ရွယ်သောမိန်းမငယ်တစ်ယောက်နှင့် နေရသည်မှာ အန္တရာယ်ကြီးလှသည်။ သူကသာ မိန်းမငယ်ဟုထင်သည်။ ခင်လှသည် သုံးဆယ်တွင်း ရောက်နေပေပြီ။ သူ့လင်နှင့် အသက် ၂၀ က ကွဲခဲ့သည် ဆို၏။

အဆက်အပေါက်က တောင့်တင်းသည်။ အရောင်းအဝယ် လုပ်သည်ဆိုသည်။ တစ်ခါတစ်ရံ အစ်မကြီးဒေါ်မြအိမ်သို့ လာတတ်၍ တစ်လလောက် နေတတ်သည်။ ပြီး... တစ်နှစ်လောက် ပျောက်သွားပြန်သော မိန်းမ။ အခြေအနေကို သူ မသိ။ ကြီးဒေါ်မြကတော့ သူ့တူမဟု ဆိုသည်။ ယခုလည်း သူ့ကိုစောင့်ရန် ခင်လှကို ထားခဲ့ပြန်သည်။

ထိုး၍နာသော အနာ၏ နာကျင်မှုကို သူသည် အံကြိတ်၍ ခံလိုက်သည်။ အနာနာသည်ကို သည်းမခံဘဲ အော်လိုက်မိပါက သူ့အော်သံ

mmyoe.com

mgyoe.com


ကြားလျှင် ခင်လှ ပြန်ဝင်လာဦးမည်။ ဘုရား... ဘုရား... ဒီတော့မှ သူ့အနာကို ပြပါဆိုလျှင် 'ဂူတွင်းမှာ အနာပြစဉ်က' ဇာတ်လမ်းကို ခင်းဖြစ်ကောင်း ခင်းဖြစ်မည်မှန်၏။ သူကလည်း ဣသိက်ရသေ့လို မိန်းမကို မမြင်ဖူးသူမှ မဟုတ်။ သည်းမခံနိုင်ခြင်း၏ အကျိုးဆက်များကို ကြောက်မက်ဖွယ် ခံစားရဦးမည်။

အိမ်ရှေ့မှ တံခါးဖွင့်သံများ၊ လူသံများကြားရပြီး အခန်းတံခါးဝတွင် ဦးဖိုးထွန်းကိုမြင်ရမှ သူ့ရင်ထဲ အလုံးကြီးကျသွားသည်။ ဒေါက်တာကျော်မောင်လည်း နောက်ကပါလာသည်။

'ဦးဖိုးထွန်း၊ ကြီးဒေါ်မြနဲ့ ခင်လှကို ရေနွေးကျိုခိုင်း၊ အခန်းထဲ မဝင်စေနဲ့ဦး'

သူသည် အမှန်တော့ ခင်လှ ပြန်ဝင်လာမည်ကို ကြောက်၍ ဒေါက်တာကိုပင် နှုတ်မဆက်မိပဲ အော်ပြောမိ၏။

'အေးပါကွယ်၊ အေးလွန်းလို့ မယ်မြကို ကော်ဖီလုပ်ခိုင်းထားပါတယ်'

ဦးဖိုးထွန်းရော၊ ဒေါက်တာကျော်မောင်ပါ သူ့ခုတင်နား ရောက်လာသည်။

သူ့အနာကို ဒေါက်တာကျော်မောင်က ပထမကြည့်ပြီးမှ အဖျားတိုင်းနေသည်။

'တစ်သက်လုံးက စာအုပ်ကိုင်ပြီး ကျောင်းခန်းထဲနေလာတဲ့လူက ခုမှ သစ်ပင်စိုက်ချင်သတဲ့။ ဆရာ ရေမြောင်းတွေပေါက်၊ မြေကိုတူးဆွနဲ့ မိုးရေထဲမှာ တစ်ညနေလုံးပဲ။ ကျုပ်ကလည်း ငှက်ပျောမျိုးတွေ ရမယ်ဆိုလို့ စော်ဘွားကြီးကုန်း သွားနေမိတာ ညဥ့်မိုးချုပ်ခါနီးမှ ပြန်ရောက်တယ်'

ဦးဖိုးထွန်းက ကရုဏာဒေါသောနှင့် ဆရာဝန်ကို ပြောပြနေသည်။

mgyoe.com

'အဲဒါနဲ့ သံက ဘာလို့ ပေါင်ကိုစူးရတာလဲ'

သူသည် ဒေါက်တာ့မေးခွန်းကို ဖြေရမှာ ရယ်ချင်သလိုဖြစ်လာ၏။ အမှန်တော့ သူပေါက်သော အခင်းများပေါ်တွင် ယခင်က ပန်းစင်များ ဆောက်ထားသည်။ သူ့စိုက်ခင်းများ လုပ်လိုသည်ဆို၍ ဦးဖိုးထွန်းက စင်ကိုဖျက်ပေးခြင်းဖြစ်သည်။ စင်ဖျက်နေစဉ်က သံတန်းလန်းနှင့် သစ်သားတစ်စ ကျန်ရစ်ခဲ့သည်။ ထိုသစ်သားပေါ်ကိုမှ သူက ဖင်ထိုင်ချမိသည်။ ပြီးတော့ မြေဆွနေစဉ်ကတည်းက မိုးကလည်း သည်းနေသည် မဟုတ်ပါလား။

'ကျန်းမာအောင်လို့ သစ်ပင်စိုက်တာပဲ ဒေါက်တာရေ့'

သူသည် အတိုချုံး၍ ဖြေလိုက်၏။

'သံဆိပ်ကာကွယ်ဖို့လည်း ဆေးထိုးခဲ့မယ်။ အဖျားကျဖို့လည်း ဆေးပေးခဲ့မယ်။ ကျွန်တော်လည်း မိုးသည်းလို့ ဆိုင်သိမ်းတော့မယ်လုပ်တုန်း ဦးဖိုးထွန်း လာခေါ်လို့'

ဒေါက်တာသည် စကားပြောရင်း သူလုပ်စရာရှိသည်ကို လုပ်၏။ ဒေါ်မြနှင့် ခင်လှက ကော်ဖီများယူလာသည်။

'ကဲ... ဒီညတော့ ပျော်အောင်အိပ်နိုင်ပါလိမ့်မယ်။ နက်ဖြန်ကို နေ့လယ်ဘက် ကျွန်တော်လာခဲ့မယ်။ ခွင့်ယူပြီး မနက်ကို မြို့ထဲသွားစရာ ရှိလို့။ မြို့ထဲသွားရင်း ကိုထွေးကို ပြောခဲ့မယ်နော်'

ဆေးထိုးပြွန်ကိုဆေးရင်း ဒေါက်တာ သူ့ကိုပြောပြ၏။

'အထူး ဘာမှာချင်သေးလဲ'

'သူ့ဆရာမကြီး ခင်မေဦးကိုလည်း အန်ကယ် နေမကောင်းတာ ပြောခဲ့လို့ပဲ ပြောလိုက်ပါ'

သူ့စကားဆုံးလျှင် ဦးဖိုးထွန်းသည် ဆေးအိတ်ကို သိမ်းနေပြီ။

'ဒေါက်တာ အပြန် ဦးဖိုးထွန်းလိုက်ပို့ရင်း ဒေါ်မြကို ကျွန်တော်

mgyoe.com

mgyoe.com


အခန်းထဲ ထားခဲ့ပါ'

သူသည် ဦးဖိုးထွန်းကို သူ့အမိပ္ပာယ်နှင့်သူ ပြောလိုက်၏။

'မလိုပါဘူးအန်ကယ်၊ ကျွန်တော် ကားပါလာတယ်'

တော်ပါသေး၏။ သူသည် ထပ်မံ၍ သက်ပြင်းချမိပြန်သည်။ ဆရာဝန်ပြန်သွားချိန်တွင် မိုးကစဲ၍သွားပြီ။ ဦးဖိုးထွန်းသည် သူ့အနား ကပ်လာ၏။

'တို့အနားမှာ သူ့ဆေးခန်းလေးရှိပေလို့ တော်ပါသေးရဲ့ မောင်လွန်း မောင်'

မှန်ပေသည်။ ဒေါက်တာကျော်မောင်မှာ မင်္ဂလာဒုံ စစ်ဆေးရုံတွင် လုပ်သော်လည်း ညနေပိုင်းတွင် ဆယ်မိုင်ကုန်းနားမှာ ဆေးခန်းလေးဖွင့် ထားသည်။ စော်ဘွားကြီးကုန်းဘက်ကပါ တစ်ခါတစ်ခါ လူနာများ သူ့ဆေးခန်းကို ရောက်လာတတ်သည်။ သူနှင့် ဒေါက်တာကျော်မောင်မှာ မိသားစုလို ဖြစ်နေသည်။ ဦးဖိုးထွန်းသည် ခြင်ထောင်ချပေး၏။

'ဦးဖိုးထွန်း၊ ဒီည ကျွန်တော့်အနားမှာ ခင်ဗျားအိပ်ပါဗျာ'

ခါတိုင်း သူတစ်ယောက်တည်း အိပ်နေကျဖြစ်သည်။ ဦးဖိုးထွန်း တို့က ခြံနောက်ဘက် ယာခင်းထောင့်တွင် တဲနှင့်နေသည်။

'အေးပါလေ နေမကောင်းလို့ အားငယ်သလား'

'ဆိုပါတော့၊ ခင်လှတော့ ဒေါ်မြနဲ့အဖော်ရအောင် ခင်ဗျားတို့တဲမှာ အိပ်ပေစေ'

သူ ဘာအမိပ္ပာယ်နှင့် ပြောသည်ကို ဦးဖိုးထွန်းက နားမလည်ပေ။ ဒေါ်မြ ပန်းကန်များသိမ်းရန် ဝင်လာသည်။

'ဟိုဘက်ခန်းမှာ ခင်လှကို သိပ်ခဲ့မယ်နော်၊ ညကျ ရေနွေးတွေ ဘာတွေလိုရင် တောင်းဖို့'

'မလိုဘူး မလိုဘူး။ ရေနွေးဘူးထဲမှာ ရှိသားပဲ။ ညဥ့်နက်နေပြီ

mgyoe.com

mgyoe.com


ခင်ဗျားတို့ပြန်တော့'

သူသည် ခြင်ထောင်ထဲမှ လှမ်းအော်လိုက်၏။

ဒေါ်မြထွက်သွားမှပင် သူသည် စိတ်အေးသွားသည်။

'နောက်ဖေးတံခါးရော၊ အခန်းတံခါးရော လုံအောင်ပိတ်နော် ဦးဖိုးထွန်း'

ဦးဖိုးထွန်းစိတ်ထဲတွင် သူသည် မပြောစဖူး ပြောနေသည်ထင်သည်။ ဤအိမ်ကြီးပေါ်တွင် သူတစ်ယောက်တည်း နေခဲ့သည်မှာ ကြာပြီ။ တစ်ခါမှ သူခိုးကိုပင် စိုးရိမ်ကြောင်း မပြောဖူးခဲ့။

သူခိုး၏ဘေးရန်နှင့် သူ့တွင် ခံစားနေရသော အဖျားဝေဒနာတို့ထက် ကြောက်စရာကောင်းသော အကြောင်းရှိသည်ကို ဦးဖိုးထွန်း နားမလည်ပါ။ သူ ကြောက်သည်က ခင်လှ။

သူ့ဘေး ခေါက်ခုတင်တွင် ဦးဖိုးထွန်း နှစ်ခြိုက်စွာ အိပ်ပျော်၍ သွားပေပြီ။

ပြင်ပတွင် မိုးစဲသွား၍ လေတိုက်သံများကိုသာ ကြားနေရတော့သည်။

* * *

mgyoe.com

mgyoe.com

# (၂)

'တစ်ရက်ပျော်လိုသော် အရက်သောက်ပါတဲ့။

တစ်လပျော်လိုသော် ခရီးထွက်ပါတဲ့။

တစ်နှစ်ပျော်လိုသော် မိန်းမယူပါ။

တစ်သက်လုံးပျော်ချင်ရင်တော့ သစ်ပင်စိုက်ပါဆိုတဲ့ တရုတ်စကားပုံကို ကိုလွန်း ကြားဖူးမှာပေါ့'

ခင်မေဦးရဲ့ စကားများမှာ အဓိပ္ပာယ်ကြွယ်လှသည်။ ဒီတုန်းက သူသည် ထိုမေးခွန်းကို မဖြေနိုင်ခဲ့။ ဤစကားပုံကို သူလည်း ကြားခဲ့ဖူးပါသည်။

ခင်မေဦးလက်ထဲတွင် မျိုးစေ့ထုပ်များ သူတွေ့နေရ၏။ သူ့ရှေ့သို့ ကမ်းပေးနေသည်ကို သူ မယူရဲသလို တွေကြည့်နေမိသည်။

'ခုလို မိုးဦးကျလာရင် ဒီအပင်တွေစိုက်လို့ အကောင်းဆုံးပဲ။ စိုက်ရတာလည်း လွယ်ပါတယ်။ ဒါက ခရမ်း၊ ဒါက ချဉ်ပေါင်။ ပြီးတော့ ဆောင်းဘူ့ကျက်ရောက်လည်း ဆက်စိုက်နိုင်တာပဲ။ ရာသီ မရွေးပါဘူး'

mgyoe.com

mgyoe.com


ဩော်... ခင်မေဦး၊ ဘာတွေများ ပြောနေပါလိမ့်။

'မေဦးစိုက်တဲ့ အပင်တွေကတော့ ခဲယဉ်းလှတယ် ကိုလွန်း၊ ဂရုလည်းစိုက်ရတယ်၊ လက်လည်းဝင်တယ်'

မှန်၏။ ခင်မေဦးထိုင်နေသော ခုံတန်းနောက်တွင် ယိုးဒယားပိန်းပန်းများ ရောင်စုံပွင့်နေသည်။ မိုးညနေ၏ နေခြည်ဖျော့သည် ပန်းများပေါ် ဖြာကျနေသည်။ ပန်းစိုက်သူသည် ပန်းများနှင့်အတူ နေရောင်တွင်တောက်ပနေသည်။ မေဦးမျက်လုံးများက ပိုမိုဝင်းလက်သော်လည်း အေးချမ်းငြိမ်သက်၍ သူ့အပြုံးကလည်း ပူလောင်ခြင်းကင်းပါ၏။ အဝေးတွင် သဇင်တိုင်များ တန်းစီနေသည်။ မိုးဦးတွင် သဇင်ဥများ တိုင်များပေါ်တွင် စိုက်၍ပြီးပြီ။

'သဇင်ဆိုတာကလည်း ဆောင်းမှာပွင့်ပေမယ့် ခုလို မိုးဦးကတည်းက ကြိုပြီးစိုက်ထားရတာ၊ ကိုလွန်းအနေနဲ့ အပင်ပန်း မခံနိုင်ပါဘူး'

ခင်မေဦး၏ ညင်သာသော စကားဆိုသံများသည် မိုးသက်လေညင်းတွင် ပျံ့လွင့်နေသည်။ အသိရ ခက်ပါ၏။ ဘာကို ဆိုလိုနေပါသလဲ။ ကိုလွန်းဆိုသော ဆရာကြီးဦးလွန်းမောင်အတွက် အပေါ်စားချဉ်ပေါင်၊ ခရမ်းပင်များသာ တန်သည်ဟု ဆိုလိုလေသလား။

ဩော်... သူ၏ မေဦးကလည်း ကျောင်းဆရာမကြီးပေပဲ။ ဒီတော့လည်း ပညာရှိစကား ဆိုပေမည်။ သူကတော့ ကျောင်းအုပ်ဆရာကြီးအဖြစ်က အငြိမ်းစားယူကာမှ တပည့်ငယ်တစ်ယောက်လို မေဦးရှေ့တွင် ပြဿနာနှင့် ရင်ဆိုင်နေရသည်။ ဒေါ်ခင်မေဦးက ကျန်းမာရေးကို အကြောင်းပြကာ လုပ်သက်မစေ့ခင်ကတည်းက ပင်စင်ယူထားသည်။

'မေဦးရဲ့စီးပွားရေးက ဒါပဲ။ သဇင်ရော၊ ပိန်းပန်းရော နှစ်ချုပ်ရင် စရိတ်နုတ်ပြီး အသားတင် တစ်သောင်းလောက်တော့ ကျန်တာပဲ။ စိတ်လည်း အေးချမ်းပြီး ဝင်ငွေလည်း မဆိုးပါဘူး။ ခုလေ မေဦး သိပ်ကျန်းမာ

mgyoe.com

mgyoe.com


လာတာပဲနော်'

'ဟုတ်ပါတယ်'

သူသည် ဒီစကားတစ်လုံးကိုပဲ ခပ်လေးလေး ဖြေမိ၏။

'ဒါကြောင့် ကိုလွန်းလည်း တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်လို့ မေဦး အကြံပေးတာပါ'

အမှန်ကတော့ သစ်ပင်စိုက်ခြင်းအကျိုးကို သူသည် ဒေါ်ခင်မေဦးထက် သိပါ၏။ သူ့ခြံ၏နောက်ဘက် နှစ်ဧကလောက်ရှိသော မြေကို ဦးဖိုးထွန်းတို့ကို ယာလုပ်ရန် ပေးထားခဲ့သည်မှာ ကြာပြီ။ နောက်ဘက်ယာခင်းမှ ပင်ငယ်များ လူးလွန့်ထွက်လာကြသော ဆောင်းနံနက်၏ အလှ၊ သူ့အိမ်ရှေ့မှ ပင်ပေါက်များကို ဖြတ်သန်းလာသော နေခြည်၏ ရွှန်းလက်ပုံ၊ အဝေးလယ်ကွင်းမှ တိုက်ခတ်လာသော လေ၏လတ်ဆတ်ခြင်းများကို သူ တပ်မက်၍ ဤနေရာကို ပင်စင်ယူကတည်းက ပြောင်းလာခြင်းဖြစ်သည်။

ဒါပေမဲ့ သူ့ဘဝက သစ်ပင်နှင့်ပြီးပြီလား။ ဒါကိုတော့ သူပဲသိသည်။ ယနေ့ညနေ ဒီခြံထဲကို သူတို့နှစ်ယောက် ဆင်းမလာခင်က ထမင်းပွဲ၏ ရနံ့များကို သူ ပြန်လည်သတိရ၏။ အထူးသဖြင့် အထူးအဆန်း မဟုတ်သော်လည်း ဟင်းရွက်စုံ ဟင်းချိုပူပူနွေးနွေး၏ အရသာကို သူ ပြန်လည် အမှတ်ရနေသည်။

အိမ်ပြန်ရောက်လျှင် ဒေါ်မြ၏ ဟင်းရည်အေးစက်စက်နှင့် ထမင်းပွဲကို တွေ့ရဦးမည်။ ပြီးတော့ ခြောက်သွေ့သော ဧည့်ခန်းထဲတွင် တစ်ယောက်တည်း အဓိပ္ပာယ်မဲ့ ထိုင်ရဦးမည်။ ငယ်တုန်းကတော့ အားလပ်သောအချိန်များကို စာဖတ်ခြင်းဖြင့် ကုန်လွန်ခဲ့၏။ ယခုတော့ စာလည်းကြာကြာဖတ်၍ မရ။

'ကိုလွန်း ဘာကိုတွေးနေလဲ'

mgyoe.com

mgyoe.com



ခင်မေဦးအသံသည် အတွေးကို ရပ်ပစ်လိုက်ပြန်၏။

'ဟင်းချိုလေ'

'ဘာဖြစ်တယ်၊ မေဦးက သစ်ပင်စိုက်တဲ့ အကြောင်းတွေများ ကိုလွန်း စိတ်ဝင်စားနေလားလို့'

'ဝင်စားပါတယ်လေ၊ ဒါပေမဲ့ ခုနစားခဲ့ရတဲ့ ထမင်းပွဲမှာ ဟင်းချိုကို အရသာတွေ့သွားလို့ သတိရနေတာပေါ့'

'ဟုတ်ပါတယ်လေ၊ ကိုလွန်း ခြံထွက်တွေကို လတ်လတ်ဆတ် ဆတ် ချက်စားရင် ပိုတောင်ကောင်းသေး'

'ဦးဖိုးထွန်းက ရာသီလိုက်စိုက်တာပဲ၊ အဲဒါတွေပဲ ဒေါ်မြက ခူးပြီး ချက်ကျွေးတာပဲ။ မေဦးလက်ရာနဲ့တော့ မတူဘူးပေါ့'

မေဦးက သူ့ကိုကျော်၍ အဝေးကို ငေးစိုက်ကြည့်ရင်း ပြုံး၍နေ သည်။ ဤအပြုံးသည် သူဆိုလိုသော အဓိပ္ပာယ်ကို သိပါသည်ဆိုသော ဝန်ခံသည့်အပြုံးပေလား။ သူ ဘာဆိုလိုသည်ကို မေဦး မသိမဟုတ် သိပြီးပြီ။ တစ်နှစ်ပျော်ချင်ရင် မိန်းမယူဟု ဆိုထားလေတော့ တစ်သက် လုံးပျော်ချင်ရင် သစ်ပင်စိုက်ပျိုး၍ပင် နေရပေတော့မည်လား'

'ဒီလိုပါလေ၊ မေဦးပေးတဲ့ မျိုးစေ့တွေကိုတော့ ကိုယ် စိုက်မှာပါ။ ဒါနဲ့ ကိုယ်တို့အကြောင်း မေဦးတို့ကြီးကြီးကရော ဘာပြောသေးလဲ'

ဒေါ်ခင်မေဦးသည် ငယ်နုသော မိန်းကလေးငယ်လို မျက်လွှာချ လိုက်၏။ သူ့မျက်နှာသည် နေခြည်တွင် ဖြူဝင်းနေသေးသည်။ ပြည့်ဖြိုး လတ်ဆတ်သော အသားအရေက အိုပြီဟု မဆိုသာသေး။ သို့သော် သူ့အတွေ့အကြုံတွင် ယခုလို စိတ်လှုပ်ရှားဖွယ်ဖြစ်သည်မှာ မဆန်းလှ။ အပျိုကြီးတစ်ယောက်ဘဝတွင် ဤကိစ္စများသည် အသက်နှင့်မဆိုင် စိတ် လှုပ်ရှားစရာပါပင်တည်း။ ပြီးတော့ ဒေါ်ခင်မေဦးကို သူ့ကြီးကြီးက အပျို ဖော်ဝင်စလို ယခုတိုင် စောင့်ရှောက်ဆဲ။

mgyoe.com

mgyoe.com



'ကြီးကြီးပြောတာထက် မေဦးက ပြောချင်တာ'

သူသည် အလွန် အားတက်သွား၏။ ဘာပဲဖြစ်ဖြစ် ဆွေးနွေးချင်သော အကြောင်းကို ရောက်ပေပြီ။ မေဦး စိတ်ဝင်စားလာလျှင်ပဲ သူ ကျေနပ်ပြီ။

'ပြောလေ၊ သစ်ပင်တွေအကြောင်းတော့ မဟုတ်ပါဘူးနော်'

'သစ်ပင်တွေအကြောင်း ပြောခဲ့ပြီးပါပြီ။ သစ်ပင်တွေက စကားမပြောပါဘူး။ ကိုယ် ဂရုစိုက်ပျိုးထောင်မှ ရှင်သန်လာကြရမှာ၊ သူတို့က အပြစ်ကင်းပါတယ်။ မေဦးတို့ ပြဿနာက လူတွေနဲ့ ထိတွေ့ရမှာ'

'မေဦးကို အပြစ်ပြောကြမှာ စိုးလို့လား'

'မေဦး ဒါတွေကို မကြောက်ပါဘူး၊ စွန့်ရဲပါတယ်'

သူထင်တာထက် ဒေါ်ခင်မေဦးသည် သတ္တိရှိပါကလား။

'စွန့်ရဲရင်'

'စွန့်ရဲပါတယ်။ အပြစ်တစ်ခုကို ကျူးလွန်တာမှ မဟုတ်ဘဲ။ မေဦးက အပျိုကြီး၊ ကိုလွန်းက မုဆိုးဖိုပဲ။ လက်ထပ်ကြတာ အပြစ်မဟုတ်ပါဘူး'

ယခုလို ပွင့်လင်းတာကပဲ ဒေါ်ခင်မေဦး၏ ချစ်စရာဟန်ပေတည်း။

'တစ်ခုက မေဦးတို့နှစ်ယောက် စိတ်ချမ်းသာဖို့ လိုပါတယ်။ ပျားရည်လိုချင်လို့ သစ်ပင်တက်ခါမှ သစ်ကိုင်းကျိုးကျရရင် မကောင်းဘူး'

'ကိုယ်တို့နှစ်ယောက်မှာ သစ်ကိုင်းကျိုးရမယ့်ဇာတ်လမ်း ရှိသေးလား မေဦးရယ်'

သူသည် ပူပန်သောဖေမျှားနှင့် မေးလိုက်၏။

'ဒီလိုလေ... မေဦးက အသက် ၅၀ ကျော် ဆရာမကြီးပေမယ့် အုပ်ချုပ်သူ ကြီးကြီး ရှိနေသေးတယ်။ ထားပါတော့ ကြီးကြီးကသာ

mgyoe.com

mgyoe.com



လူကြီးထုံးစံ၊ မေဦး အရွယ်ရှိတုန်းက ထိတ်ထိတ်ကြဲလူတွေ လာစပ်ကြတယ်။ မေဦး ငြင်းခဲ့တယ်။ ခု ဒီအရွယ်မှ လက်ထပ်ရေး စဉ်းစားတယ်ဆိုတော့ ကလေးရာမကျဘူးလား' ဆိုတဲ့ မေးခွန်းပဲ သူမေးတာပဲ။ သူမေဦးကို နှမြောနေတယ်။ ကိုလွန်းရဲ့ ပညာအရည်အချင်း၊ စီးပွားရေးအခြေအနေတွေကို သူဘာမှ ထည့်မပြောပါဘူး။ ပြောစရာလည်းကိုလွန်းအခြေအနေက မလိုပါဘူး'

'ဒီတော့'

ခင်မေဦး၏ ရပ်နားနေခြင်းကို သူသည် မခံနိုင်သလို စကားဝင်၍ထောက်လိုက်၏။

'ကိုလွန်းမှာလည်း အသက် ၆၀ ကျော် ပင်စင်စားကြီး ဆိုပေမယ့်သားသမီးတွေ အုပ်ထိန်းခြင်းက မကင်းသေးဘူး'

'ဘာ... ဘယ်လို'

သူသည် အာမေဋိတ်ပေါင်းများစွာကို ရေရွတ်လိုက်၏။

'မေဦးအနေနဲ့ ကိုလွန်းရဲ့ သားသမီးတွေဆန္ဒကို လိုချင်ပါတယ်။ သူတို့နဲ့ ဆွေးနွေးပါဦး။ သူတို့ဟာလည်း တစ်ခါက မေဦးရဲ့ တပည့်လေးတွေပါ။ ဒီတော့ သူတို့တွေရဲ့ သဘော၊ အယူအဆကို မေဦး သိချင်ပါတယ်။ ခုအတောအတွင်းတော့ မေဦးရဲ့ သစ်စေ့လေးတွေကို စိုက်ပါဦးနော်'

ဒေါ်ခင်မေဦးသည် မျိုးစေ့ထုပ်များကို သူ့လက်ထဲ ထည့်လိုက်၏။ ညှို့မှိုင်းသော မိုးညနေတွင် နေရောင်ခြည်သည် မှေးမှိန်ဖျော့တော့လာသည်။

သူ မေဦးအနားမှ ထလာစဉ်အတွင်း မိုးသက်ပါသောလေများ သူတို့နှစ်ဦးကြားတွင် ရွှေ့လျားသွားကြသည်။

ချစ်သူဆန္ဒကို လိုက်လျောလို၍ သစ်ပင်စိုက်ခြင်းဖြစ်သည်။ တခြားရည်ရွယ်ချက် သူ့မှာမရှိ။ ယခုတော့ ပျိုးပင်များ ရွှေ့ပြောင်းရင်း တစ်မြောင်းအလိုတွင်မှ သူ့ပေါင်တွင် သံစူးရသောအဖြစ်။

mgyoe.com

mgyoe.com


ဩော်... တကယ်တော့ လိုချင်ခြင်းတို့၏နောက်တွင် ဒုက္ခသည် ကပ်၍ပါစမြဲ။

* * *

'ဖေဖေ'

ကိုထွေးအသံပါလား။ ဝင်းပသော နေခြည်များ ပြတင်းမှဝင်လာကြပြီ။ ကိုထွေးသည် ခြင်ထောင်ကို ဖြည်းညင်းစွာ မ,တင်လိုက်၏။

'မနက်စောစောကပဲ ဒေါက်တာကျော်မောင် ဝင်ပြောသွားလို့ သားလာခဲ့တာ။ ခွင့်ယူနေလို့ နောက်ကျသွားတယ်ဖေဖေ။ ဆရာမကြီးဆီရော၊ မမလေးကိုရော ဖုန်းဆက်ခဲ့တယ်။ ဖေဖေ မျက်နှာမသစ်ခင် အဖျားတိုင်းလိုက်ဦးနော်'

'ဖေဖေလည်း ခုမှနိုးတယ်။ ညက ဆရာဝန် အိပ်ဆေးတိုက်ခဲ့တယ်ထင်တယ်။ အိပ်ပျော်သွားလိုက်တာ နေအတော်မြင့်ပြီ'

ကိုထွေးသည် သူ့ကို အဖျားတိုင်းပြီး မျက်နှာကိုယ်တိုင် သစ်ပေးသည်။ ကိုထွေး၏ ဖျတ်လတ်သွက်လက်ပုံကို ကြည့်ရင်း သူ့ရင်ထဲတွင် ကြည်နူးနေသည်။

'ဖေဖေ ၉၉ ဒီဂရီပဲ အပူရှိတယ်။ ကျွန်တော် အောက်သွားဦးမယ်။ အောက်မှာ ဘကြီးထွန်း ဖေဖေ့ဖို့ ဆန်ပြုတ်လုပ်နေတယ်။ ဖေဖေ သောက်နိုင်ပါတယ်'

ကိုထွေးသည် သူ့ကိုထားရစ်၍ အောက်ကိုဆင်းသွားသည်။ အပြင်တွင် နေခြည်များ တောက်ပနေသော်လည်း မိုးသက်ပါသောလေက အေးမြမြ တိုက်ခတ်နေသည်။

ကိုထွေးနဲ့သာ အတူနေရရင်လည်း ပြဿနာက မရှိနိုင်ပါ။ စုစု ကွယ်လွန်ကတည်းက သူနှင့်အတူအိပ်ခဲ့သော သားငယ်။ ထွေးနွေးသော

mgyoe.com

mgyoe.com


သားငယ်၏ ကိုယ်ငွေ့ကို သူ ပြန်လည်တသမိသည်။ ခုတော့ ကိုထွေး၏ ရင်ငွေ့သည်လည်း ဝေမာနှင့် သားသမီးများအတွက် ဖြစ်နေပါပကော။ သူ နောက်ဆုတ်ရမည်။ တမ်းတ၍မဖြစ်။ တစ်ချိန်တုန်းကတော့ ကိုထွေး တို့အိမ်လေးကို သွားရောက်လည်ပတ်ခဲ့သည်။ အခြေအနေကို အကဲခတ် ခဲ့သည်။ အမာသည် သမီးနှစ်ယောက်၊ သားတစ်ယောက်နှင့် အလုပ်က တစ်ဖက်မို့ အမာ့ကို မြင်ရသည်မှာ ကသီလှသည်။ အမာ၏မိခင် အဘွား အိုက ကလေးများကို ကူကြည့်ပေးသည်။ တော်ပြီပေါ့။ သူတို့မှာလည်း မိခင်အိုက ဆင်းရဲသည်မို့ ခေါ်ယူကျွေးမွေးထားရသည်။ သူ့တာဝန်ကို ထပ်မပေးချင်။ အဝေးကနေသည်ပဲ ကောင်းပါသေး၏။

'ဖေဖေ... ဆန်ပြုတ်ရပြီ'

ကိုထွေး အခန်းထဲသို့ ဝင်လာ၏။ ကိုထွေးသည် လက်သုတ်ပဝါ ကို သူ့ရင်ဘတ်တွင် သိုင်းလိုက်၏။ ဆန်ပြုတ်ခွက်ကို ကိုင်ပေးသည်။

'သောက်နော် ဖေဖေ'

သူသည် ဆန်ပြုတ်ကိုသောက်ရင်း ကိုထွေးမျက်နှာကို ပြုံး၍ကြည့် မိသည်။

'ဆန်ပြုတ်ကတော့ ကြီးဒေါ်မြလက်ရာ အစွမ်းကုန်ပဲ ထင်ပါရဲ့။ ကျွန်တော်တော့လေ မေမေ တစ်ခါတစ်ခါပြုတ်ပေးတဲ့ ငါးရံ့ဆန်ပြုတ်ကို သတိရတယ်။ ဆီချက်နံ့လေးသင်းသင်းနဲ့ ကြက်သွန်မြိတ်ဖြူးလို့။ ချို လည်းချိုတယ်နော် ဖေဖေ'

'ကိုထွေးပြောတာနဲ့ ဖေဖေတောင် သောက်ချင်လာပြီ'

သူသည်လည်း စုစု၏လက်ရာကို ပြန်လည်အောက်မေ့၏။

'အမာတို့က အလုပ်တစ်ဖက်၊ ကလေးတစ်ဖက် မဟုတ်လား ဖေဖေ။ ထွေထွေရာရာ စိတ်အားလက်အား မလုပ်နိုင်ပါဘူး။ သူ့အမေကြီး လည်း အိုပြီမဟုတ်လား။ ဖြစ်သလိုပဲ စားကြတာပဲ'

mgyoe.com

mgyoe.com


'အေးပေါ့ကွယ်'

သူသည် ဆန်ပြုတ်ကို တစ်ဝက်လောက်သောက်၍ ပန်းကန်ကို ဘေးစားပွဲပေါ်သို့ တင်လိုက်၏။

'မင်း မမလေးကော'

'အဲ... အဲ... မမလေးက သူ့ကလေး သွေးလွန်တုပ်ကွေးဖြစ်နေလို့ ဒီနေ့ပဲ ဆေးရုံသွားတင်ရမယ်တဲ့ဖေဖေ။ ဒါကြောင့် သူ လာနိုင်မှာမဟုတ်ဘူး'

'ကိစ္စမရှိပါဘူး။ အဖျားလည်း ကျသွားပြီ။ အနာကို ဒီနေ့နေ့လယ် ဒေါက်တာလာပြီး ဆေးထည့်မှာ'

ကိုထွေးသည် ခေါင်းကိုဖြည်းညင်းစွာ ယမ်းလိုက်၏။ သူ့ဘေးတွင်ထိုင်ရင်း ငယ်တုန်းကလို အဖေ့လက်ကို ဆုပ်နယ်နေသည်။

'နောက်နေ့တွေကျ ဖေဖေ့အနာကို ဘယ်သူ ဆေးထည့်ပါ့မလဲ။ အနာကလည်း ပေါင်ရင်း။ ပြီးတော့ နောက်ဘက်ဆိုတော့ ကိုယ့်ဟာကိုယ် မမြင်ရ။ မဖြစ်သေးပါဘူး။ သား ဒီနေ့မပြန်သေးဘူး။ အမေ့ကိုလည်း မှာခဲ့တယ်။ လိုအပ်ရင် ဖေဖေ့ဆီမှာ အိပ်မယ်လို့'

'ဖေဖေ နေကောင်းပါပြီ'

'မဟုတ်သေးပါဘူး ဖေဖေရယ်...။ ဖေဖေ ဒီလိုနေတာကို မဟုတ်သေးဘူး။ ကျွန်တော်ကိုယ်တိုင်က တာဝန်မယူနိုင်တော့ မမကြီးတို့၊ မမလေးတို့လည်း ဖေဖေ့ကိုခေါ်ထားပါလို့ သား မပြောချင်ဘူး'

ကိုထွေးမျက်နှာသည် စိတ်အိုက်သွားပုံရသည်။

'သားရယ် သူတို့က ခေါ်ထားလည်း ဖေဖေက နေချင်ဦးမှကိုး'

ဟုတ်ပါ၏။ သမီးများကို ချစ်ပါသည်။ ယောက္ခမအိမ်ထက်မှာ သမက်သာ မျက်နှာငယ်တတ်သည် မဟုတ်။ ယောက္ခမသည်လည်း သမက်အိမ်ထက်ဝယ် မျက်နှာငယ်တတ်သေးသည်။ သားသမီးများ နေ

mgyoe.com

mgyoe.com



ရန်အိမ်ကို သူဆောက်ပေးခဲ့ပေမယ့် အတူနေရန် ဆိုသည်ကတော့ အထာချင်းက တူပေဦးမှ။

သမီးငယ်အိမ်ကို သူ သွားရောက်လည်ပတ်တုန်းက သူ့အတွက် အိပ်ရာကို သမီးက သူ့သားများနှင့်အတူ တစ်ခန်းတည်းပြင်သည်။ သူတို့အိမ်မှာ အိပ်ခန်းက နှစ်ခန်းပဲရှိသည်။ သူသည် သီးခြား နေရာယူ၍ မဖြစ်။ သူက ဧည့်သည်သဘော ဆန်သွားပြီ။ အမှန်တော့ သမီး၏အိမ်တွင် သူ၏အခန်းကဏ္ဍသည်လည်း မရှိတော့။ သမက်ဖြစ်သူ ကိုထွန်းအေးက အိမ်ထောင်ဦးစီးပေပဲ။

ဦးစီးသူ၏ ဆန္ဒအတိုင်း စနေ၊ တနင်္ဂနွေတွင် ဝိုင်းနှစ်ခု၊ အရက်နှင့်ဖဲ။

ခင်လေးက လင်သည်နှင့် ဧည့်သည်များစားဖို့ ကြော်ရလှော်ရနှင့် အရာရှိဆိုတော့လည်း သူ့အပေါင်း သူ့အသင်းနှင့်။ သူသည် ဤအသိုင်းအဝိုင်းတွင် မဝင်ဆံ့နိုင်တော့ပေ။ သူ တစ်ပတ်လောက်ကို အောင့်အည်းနေခဲ့သည်။ အပြန်တွင်တော့ မြေးများ၏ ဂီတာတီးရင်း သီချင်းဆိုသံများကို သူ ကြားယောင်နေမိသည်။

'အကြီးတစ်လုံး အသေးတစ်လုံး၊ ကမ္ဘာကြီးမေ့အောင် သောက်လိုက်မယ်၊ ကိုယ့်ဘဝကိုယ် အရှုံးပေးလို့ ကိုယ်ခေါင်းစိုက်အောင် သောက်လိုက်မယ်။

ဟိုနားတစ်ခွက်၊ ဒီနားတစ်ခွက်၊ ဘုံဆိုင်ထဲမှာ။

ကောင်မလေး၊ မင်းကြောင့် ကိုယ်အရက်သောက်ပြီလေ။

သစ္စာ မရှိတဲ့ ဆံတိုမလေးရေ...'

'ဖေဖေ ဘာသဘောကျလို့ ပြုံးနေတာလဲ'

ကိုထွေးအသံကြားမှ သူ့အတွေး ပြတ်သွားသည်။

'ဩော်... ခင်ခင်လေး သားတွေသီချင်းသံ ကြားနေလို့ပါ။ ကလေး

mgyoe.com

mgyoe.com


တွေ ဒီသီချင်းဆိုဖို့အရွယ်က စောနေသလိုပဲ။ အကြီးကောင်ကမှ ၁၇ နှစ်လောက်ပဲ ရှိဦးမယ်ထင်တယ်။ ဒါပေမဲ့ မောင်ထွန်းအေးကိုယ်တိုင်က သောက်နေတော့ ကလေးတွေအဖို့ မဆန်းတော့ဘူးလေ'

'ဘာသီချင်းလဲ'

'မပြောတတ်ပါဘူးကွယ်၊ အကြီးတစ်လုံး၊ အသေးတစ်လုံးဆိုလား'

သူသည်လည်း အမှန်တော့ သီချင်းကိုမရ။ ဆန်ပြုတ်သောက်ပြီး၍ အိပ်ရာပေါ် ပြန်လှဲလိုက်သည်။ ကိုထွေးသည် ခပ်ငေးငေး စဉ်းစားနေရာမှ...

'ဖေဖေ... အန်တီအေးနဲ့ဆိုရင်ကော။ ဒီမနက်တောင် ဖေဖေ နေမကောင်းတာ အန်တီအေးကို ပြောခဲ့ရမလားလို့။ သူတို့အိမ်မှာ ဖုန်းမရှိဘူးလေ၊ ကိုယ့်မောင်နှမချင်းဆိုတော့'

'မစိန်အေးမှာလည်း သူ့သမီးတွေ မြေးတွေနဲ့ မအားပါဘူးကွယ်။ ဒုက္ခမရှာပါနဲ့ သား။ ဖေဖေ အနာပျောက်ရင် ကျန်းမာမှာပါ'

'ဖေဖေကလည်း ဘာလို့ သစ်ပင်စိုက်ရတာလဲ'

သူသည် ကိုထွေးအမေးကို မဖြေသေးဘဲ ပြုံးပြုံးကြီးလုပ်နေသည်။ ဘယ်လိုဖြေရမည်ကိုလည်း တွေးနေမိ၏။

'ဪ... မိတ်ဆွေတွေကို လက်ဆောင်ပေးချင်လို့'

သူသည် အသင့်လျော်ဆုံးအဖြေကို ပြောလိုက်၏။

'အောင်မယ်လေး ဖေဖေရာ ဘကြီးလွန်းခြံကထွက်တာ ဝယ်ပေးလည်း ပြီးတာပဲ'

'ကိုယ်တိုင်စိုက်တာဆိုတော့ ပိုပြီး တန်ဖိုးရှိတာပေါ့လေ'

ဪ... ဒီအရွယ်ကျခါမှ သားကို အဖြေပေးနေမိသည်။ မေဦးစိုက်ခိုင်းလို့ဆို၍ ဖြေလိုက်ရရင် ကောင်းလေမည်လား။ ထိုသောအခါ ဘာလို့ စိုက်ခိုင်းရတာလဲဆိုလျှင် ဘာကိုဖြေရပါ့။ သူသည် ဘာမှဆက်

mgyoe.com

mgyoe.com


မပြောဘဲ သက်ပြင်းချလိုက်၏။

'ကျွန်တော်ကတော့ မမကြီး ဒီတစ်ပတ်ဆင်းလာရင် ဖေဖေ့အတွက် တစ်ခုခုလုပ်ကြဖို့ တိုင်ပင်မှပဲ'

ကိုထွေးက စိုးရိမ်တကြီး ပြောနေသည်။

'ဘယ်လို တစ်ခုခုလဲဟင်'

'သူတို့အကြံဉာဏ်တွေလည်း တောင်းရဦးမှာပေါ့။ ဖေဖေခုလိုနေရတာ ကျွန်တော်မှ စိတ်မကောင်းပဲ'

သူသည် သား၏ စကားအဆုံးသတ်ကို ဆက်၍ပြောရကောင်းမလား။ သူ့ရင်ထဲဝယ် မဝံ့မရဲဖြစ်နေသည်။ ဖေဖေကတော့ မင်းတို့ဆရာမကြီး ခင်မေဦးကို လက်ထပ်ချင်တာပဲဟု တစ်လုံးတည်းပြောလျှင် ပြီးပေသား။ သို့သော် သားသမီးများအဖြေက ဘယ်လိုများ ထွက်လာမလဲ'

သူတို့ သဘောမတူဘူးဆိုပါတော့ ဘာဆက်၍ လုပ်ရမည်လဲ။ သူတို့ဆန္ဒ မပါလျှင်လည်း ခင်မေဦးက ရှေ့တိုးမည်မဟုတ်။ သို့အတွက် ခင်မေဦး သူ့ရဲဘောကြောင်သည်ဟု မဆိုသာ။ သားသမီးများ ဆန္ဒမပါဘဲ သူကရော လက်ထပ်ရန်အတွက် စွန့်ရဲပါသလော။ သူသည် မျက်စိကို ဖွတ်မှိတ်၍ ထားလိုက်သည်။ ကိုထွေးတစ်ယောက်တည်းသာ အခန်းထဲတွင် လှုပ်ရှားနေသည်။

❖

mgyoe.com

mgyoe.com

## (၃)

'ဒီအရွယ်ကြီး ကျခါမှ'

ခင်ခင်ကြီးသည် စကားကို ရှေ့မဆက်။ သူသည် ထိုင်နေရန်ပင် စိတ်မငြိမ်သလို ပြတင်းအပြင်ကို မျက်နှာမူနေသည်။ သူ့ စိတ်လှုပ်ရှား သမျှကို ကိုထွေးနှင့်ခင်ခင်လေးတို့က မမြင်ရ။ ခင်ခင်ကြီး ဗန်းမော်မှ ဆင်းလာချိန်တွင် ခင်ခင်လေးအိမ်၌ တည်းခိုရင်း မောင်နှမသုံးယောက် တွေ့ရခြင်းဖြစ်သည်။

'မမကြီးက ဘာကိုဆိုလိုတာလဲ'

ကိုထွေးက လှမ်း၍မေးလိုက်၏။ ခင်ခင်ကြီးသည် ရုတ်တရက် မဖြေ။ သူ့အပါးတွင်ရှိသော ပြတင်းခန်းဆီးများပင် သူ့ဘဝင်၏ လှိုင်း ဂယက်တိုးဖွေ့မှုကြောင့် လှုပ်ရှားနေပုံရသည်။

'ဖေဖေ့ကိုပြောရမှာ ရှက်စရာ။ ခုချိန်မှ အိမ်ထောင်ပြုချင်တဲ့စိတ် ရှိသေးလားလို့'

ခင်ခင်ကြီးသည် သူတို့ဘက်သို့ မလှည့်။ သူ့ဘာသာ ပြတင်း အပြင်ဘက်ကို တစ်ယောက်တည်းပြောနေသလို တုန်တုန်ယင်ယင် ပြော နေသည်။

mgyoe.com

mgyoe.com


'အိမ်ထောင်ပြုချင်စိတ်၊ မမကြီးကလည်း ဘာကိုဆိုလိုတာလဲ။ အိမ်ထောင်ပြုချင်တယ်လို့တော့ ဖေဖေက မပြောပါဘူး။ ကဲ... ပြုချင်တဲ့ စိတ် ရှိတယ်ဆိုဦးတော့ ဒါဟာ ရှက်စရာမှ မဟုတ်ဘဲ'

ကိုထွေးသည် တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြောလိုက်၏။

'အို... အသက် ၄၀ က မေမေဆုံးသွားတာ။ ခု အသက် ၆၀ ကျော်မှ အိမ်ထောင်ပြုမယ်ဆိုတော့ ကိုထွေး မင်း နားမလည်ဘူးလား'

ခင်ခင်ကြီးသည် အကြီးဆုံးပီပီ ဝေါက်သံနှင့်မေးလိုက်၏။ ခုမှပင် သူ့မျက်နှာကို အခန်းတွင်းဘက် လှည့်လိုက်သည်။

'နားလည်ပါတယ် မမကြီးရဲ့။ ခုမှ အိမ်ထောင်ပြုဖို့ လိုလာတာ ကိုး'

'ဘာပြောတယ်'

'ဩော်... အိမ်ထောင်ပြုတယ်ဆိုတိုင်း မမကြီးတို့ လက်ခံထားတာ က အဘိုးကြီးဖြစ်မှ ကာမဂုဏ်ကြူးတယ်လို့ ထင်နေတာကိုး'

'အဲဒါမဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ ကိုထွေး။ ကျောင်းအုပ်ဆရာ ကြီး ဦးလွန်းမောင်ဆိုတာ နာမည်တစ်လုံးနဲ့ တည်တည်ကြည်ကြည် ဂုဏ်နဲ့ဒြပ်နဲ့ နေလာခဲ့တာ။ ခုတော့ ကလေးကလား'

ခင်ခင်ကြီးသည် ပြောရင်း မျက်ရည်များ ဝဲလာ၏။ ကိုထွေးသည် ထိုင်ရာမှထကာ အစ်မ၏လက်ကို ဖြည်းညင်းစွာဆွဲယူ၍ ထိုင်ခိုင်းလိုက် ၏ ။

'မငိုပါနဲ့ မမကြီးရယ် ဖြည်းဖြည်းစဉ်းစားပါ။ ကိုထွေးပြောပြတာ ကို နားထောင်ပါဦး။ ဖေဖေသာ ဒီစိတ်တွေများတဲ့လူဆိုရင် မေမေဆုံးစက အသက် ၄၀ ပဲရှိသေးတယ်။ အရွယ်ရယ်၊ ပညာရယ်၊ ငွေကြေးအခြေ အနေနဲ့ မိန်းမထပ်ယူရင် ရတာပဲ။ လိုချင်တဲ့လူတွေလည်း ရှိခဲ့တယ်လို့ အန်တီအေးပြောတာ ကျွန်တော် တစ်ခါက ကြားခဲ့ဖူးတယ်။ သူသာ

mgyoe.com

mgyoe.com


လိုချင်ရင် ဟိုကတည်းက ယူမှာပေါ့။ မိန်းမမယူဘဲ ပွေနေတယ်လို့ရော မမကြီးတို့ ကြားခဲ့ဖူးလား။ ကျွန်တော်တို့သုံးယောက် လက်ထပ်ပြီးတော့လည်း မေမေနဲ့ သူနေတဲ့တိုက်ကြီးကိုရောင်းပြီး ကျွန်တော်တို့သုံးယောက်အတွက် အိမ်တစ်လုံးစီ ဆောက်ပေးခဲ့ပြီပဲ။ ဖေဖေ့တာဝန်က ကျေပြီ။ ကျွန်တော်တို့ကသာ ကျွန်တော်တို့အလှည့်မှာ ဖေဖေ့ကို ဘယ်သူမှ လှည့်မကြည့်နိုင်ဘူး။ ဒီတော့ ဖေဖေ့အတွက် ခုချိန်မှ အိမ်ထောင်ပြုဖို့ ပိုပြီးလိုအပ်လာတယ်လို့ ကျွန်တော်ပြောတာ'

'ဟင့်အင်း ကိုထွေး နင်ပြောတာ ငါလက်မခံနိုင်ဘူး'

ခင်ခင်လေးသည် ငြိမ်သက်နေရာမှ ဝင်စွက်လာ၏။

'မူအားဖြင့် ငါတော့ လက်မခံနိုင်ဘူး။ ဖေဖေ အိမ်ထောင်မပြုရဘူး။ ဖေဖေက အရင်သေပြီး မေမေသာ ခုနေကျန်နေရင် အိမ်ထောင်ပြုတော့မှာ မဟုတ်ဘူး'

ခင်ခင်လေးသည်လည်း ပြောရင်း မျက်ရည်ယိုစိမ့်လာသည်။

'ဟုတ်ပါတယ် မမလေး။ မေမေသာဆိုရင် အိမ်ထောင်မပြုဘူးဆိုတာ ကျွန်တော်ယုံတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမမို့လို့'

'ဘာ'

ခင်ခင်ကြီးသည် မျက်မှောင်ကုတ်၍ မေးလိုက်၏။

'ဟုတ်တယ်လေ၊ မိန်းမဆိုတော့ သမီးတွေနဲ့ စည်းစည်းလုံးလုံးနေမယ်။ အနံ့တီအေးလိုပေါ့။ ပြီးတော့ မိန်းမဟာ ကိုယ့်ဝေယျာဝစ္စအတွက် ကိုယ့်ဘာသာ ဖန်တီးတတ်တယ်လေ။ ဖေဖေ့မှာတော့ ကြီးဒေါ်မြချက်ကျွေးသမျှပဲ'

'အလုံအိမ်မှာ ငါနဲ့တစ်ခါ လာနေတုန်းက တူတူနေဖို့ ဖေဖေ့ကိုပြောပါတယ်။ အဖြေမပေးဘဲ ၁၀ မိုင်ကုန်းအိမ်ကိုပဲ ပြန်တယ်'

ခင်လေးက ပြောပြန်၏။ ခင်ခင်လေးသည် ဘာကြောင့် အဖေ

mgyoe.com

mgyoe.com


လုပ်သူ အိမ်ပြန်သည်ကို စဉ်းစားမိပုံမပေါ်။ ကိုထွေးကတော့ ဖေဖေ့သဘောကို နားလည်ပြီးဖြစ်သည်။ သက်ပြင်းချလိုက်ပြီးမှ သူ ဆက်ပြော၏ ။

'ဦးသိန်းဖေမြင့်ရေးတဲ့ ဝတ္ထုတစ်ပုဒ်မှာ ပါသလိုပေါ့။ ကျောင်းထိုင်ဘုန်းကြီးလုပ်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်က သူတစ်ပါးကျောင်းမှာ ဦးပဉ္စင်းအဖြစ် ပြန်နေဖို့မလွယ်ပါဘူး မမလေး။ ပြီးတော့ ဖေဖေက ယောကျ်ား။ မိန်းမတစ်ယောက်လို သမက်အိမ်မှာ မှီခိုသူအနေနဲ့ နေဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး။ အိပ်ရာပေါ် ဗုန်းဗုန်းလဲနေရင်ဖြစ်ဖြစ်၊ ကုန်းကောက်စရာမရှိအောင် မွဲနေရင်ဖြစ်ဖြစ်၊ သူ့စိတ်ကိုယ့်စိတ် မတိုက်ဆိုင်တောင် အလျှော့ပေးနေရတော့မှာ။ မမလေးတို့ အသိုင်းအဝိုင်းနဲ့ကော ဖေဖေနဲ့ ဖြစ်နိုင်ပါ့မလားဆိုတာ မမလေးပဲ စဉ်းစား'

ခင်ခင်လေးသည် ငိုင်သွားပါ၏။ သူ ငိုင်ပေမယ့် သူတို့ဖခင်သည်သူတို့ လူမှန်းသိတတ်ကတည်းက အရက်ခွက်ကို ကိုင်ခဲ့သည်ဟု တွေ့လည်းမတွေ့ဖူး၊ ကြားလည်း မကြားဖူးခဲ့။ အသွင်မတူသူတို့၏ နားတွင်အထူးသဖြင့် ဖေဖေ့လို အိုမင်း သူတို့နားတွင် ဖန်ခွက်နှင့်ပုလင်းထိသံကြားရသော စိတ်ဆင်းရဲခြင်းထက်ကြီးသော စိတ်ဆင်းရဲခြင်းမရှိသည်ကို ခင်ခင်လေး မတွေးမိ။ သူတို့အိမ်က ပုလင်းသံ၊ ဖန်ခွက်သံ၊ ဂီတာသံ၊ ကက်ဆက်သံ တွေနှင့်၊ ပြီးတော့ ဖဲဝိုင်း၏ ရယ်သံ။

'မမလေး မလိုက်နိုင်ဘူးလေ ဟိုတစ်ခါ ဖေဖေနေမကောင်းတုန်းက'

ကိုထွေးက စကားပြန်စ၏။

ခင်ခင်ကြီးရော ခင်ခင်လေးရော ကိုထွေးကို တစ်ပြိုင်နက် စိုက်ကြည့်ကြသည်။

'ပေါင်ကိုသံစူးတော့ ဆေးထည့်ရတာလည်း ဆရာဝန်မှပဲဖြစ်တယ်။ ရေဝတ်တောင် တိုက်ပေးမယ့်လူ မရှိဘူး။ ကိုထွေး လုပ်ပေးခဲ့ပါ

mgyoe.com